## ၅။ လေးပိုး/သရစ်ပိုး

**Chilli Thrip: *Scirtothrips dorsalis* (*Hood*, 1919)**

**Thysanoptera : Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ငယ် သည်သေးငယ်ပြီး ဖြောင့်တန်းကာ အလွယ်တကူ ကျိုးပဲ့လွယ်သော ဝမ်းဗိုက်ပိုင်းပါရှိပြီး ကောက်ရိုးဝါ ရောင်ရှိသည်။အရွယ်ရောက်ကောင် သည်အမြိတ်အနားပါသော တောင်ပံများရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ဖျက်ဆီးခံရသော အရွက်များ တွန့်လိမ်သွားပြီး အပေါ်သို့ ကွေးသွားသည်။ ရိုးတံရှည်လာသည်။ အဖူးများကြွတ်ဆတ်ပြီး ကြွေကျသွားသည်။အစောပိုင်းအဆင့်တွင် ဖျက်ဆီးခံရခြင်းသည်အပင်ကိုပုစေကာ ပန်းပွင့်ခြင်းနှင့် အသီးတင်ခြင်းကို ထိခိုက်စေသည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၇-၈)ရက်

| | |
|---|---|
| ပိုးမမည် အဆင့် | – (၈–၁၀) ရက် |
| ရုပ်ဖုံး အဆင့် | – (၃) ရက် |
| အကောင်ကြီး အဆင့် | – (၁၄–၁၆) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁) ပင်စိမ်းပင်များကို စိုက်ခင်းပတ်လည်တွင် စိုက်ပေးပါ။

(၂)လေ့း/သရစ်ပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များပေါ်မှရေဖျန်းပါ။

(၃)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ် (Imidacloprid 600FS/ Imidacloprid 70SS) ဆေးဖြင့်လူးနယ် စိုက်ပျိုးပါ။

(၄)အပြာရောင်ပိုးဖမ်းထောင်ချောက်ဖြင့်အကောင်ကြီးများအားဖမ်းယူပါ။

(၅)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းတွင် ဖော်ပြထားသည့် Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ကလိုဖန်နာပြာ (Chlorfenapyr)